ဂျပန်အမျိုးသားပင်စင်ဝန်ဆောင်မှု၏ ဝက်ဘ်ဆိုက်မှ သတင်းများကိုအခြေခံထားသည်။

Q A ပင်စင်ငွေယာယီထုတ်ယူရန်တောင်းဆိုခြင်းနှင့်ပတ်သက်၍

ဂျပန်အမျိုးသားပင်စင်စနစ်တွင် စာရင်းသွင်းထားသော နိုင်ငံခြားသားများသည် မိမိနိုင်ငံသို့ပြန်သောအခါ ပင်စင်ငွေယာယီထုတ်ယူခြင်းကို တောင်းဆိုနိုင်ပါသည်။ဤ လက်ကမ်းစာစောင်တွင် တောင်းဆိုရန်လုပ်ထုံးလုပ်နည်းများအကြောင်း၏ အမေးများသောမေးခွန်းများကိုစုဆောင်းထားပါသည်။လေ့လာကြည့်ရှုကြပါ။ထို့အပြင် ပင်စင်ငွေယာယီထုတ်ယူရန်တောင်းဆိုခြင်း လုပ်ထုံးလုပ်နည်းအသေးစိတ်ကို ဂျပန်အမျိုးသားပင်စင် ဝန်ဆောင်မှု၏ ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။

ဂျပန်အမျိုးသားပင်စင်ဝန်ဆောင်

ယာယီထုတ်ယူခြင်းနှင့်ပတ်သက်သောလုပ်ဆောင်ချက်များကို ပြုလုပ်ပါက

(အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ဖိလစ်ပိုင်၊ဗီယက်နမ်၊ထိုင်း၊မြန်မာ စသော ဘာသာစကားများအပါအဝင် ဘာသာစကား ၁၄ မျိုး)

1) ပင်စင်ငွေယာယီထုတ်ယူတောင်းဆိုရန် မည်သည့်အချက်များကိုပြည့်စုံဖို့လိုအပ်ပါသနည်း?

အောက်ဖော်ပြပါ①မှ④အချက်အားလုံးနှင့် အချက်အားလုံးနှင့် ကိုက်ညီပါကတောင်းဆိုနိုင်ပါသည်။

① ဂျပန်နိုင်ငံသားမဖြစ်ရ
② အနည်းဆုံး ခြောက်လကြာ မည်သည့်အစိုးရပင်စင်စနစ်တွင်မဆို စာရင်းသွင်းထားပြီးဖြစ်ရမည်
③ ဂျပန်ပြည်တွင်းအခြေချနေထိုင်သူ မဖြစ်ရ
④ ပင်စင် (မသန်စွမ်းမှု အကျိုးခံစားခွင့်များ အပါအဝင်) ရရှိခွင့် မရှိခဲ့ဖူးသူဖြစ်ရမည်

2) အမျိုးသားပင်စင်မှာ ၃ လနဲ့ ဝန်ထမ်းပင်စင်မှာ ၅ လ စာရင်းသွင်းခဲ့ပါတယ်။ ထုတ်ငွေတောင်းခံလို့ရပါသလား။

အမျိုးသားပင်စင်နှင့် ဝန်ထမ်းပင်စင် ထိုစနစ်၂ခု၏ ကာလကို ပေါင်းတွက်မည်မဟုတ်သောကြောင့် တောင်းခံလို့မရပါ။ ယာယီထုတ်ယူငွေ၏ ငွေပမာဏသည် သက်ဆိုင်ရာစနစ်၏အာမခံကာလပေါ်မူတည်တွက်ချက်သောကြောင့် ပင်စင်စနစ်တခုခုတွင် ၆လနှင့် ထို့ထက်ပိုကြာ စာရင်းသွင်းထားဖို့လိုအပ်ပါသည်။

3) ငွေတောင်းခံလွှာ လုပ်ငန်းစဉ်ကို ဘယ်တော့ စတင်နိုင်မလဲ?

ဂျပန်နိုင်ငံတွင် အခြေချနေထိုင်ခွင့် ရပ်စဲသည့်နေ့မှ နှစ်နှစ်အတွင်း တောင်းဆိုမှု တင်သွင်းနိုင်ပါသည်။

*နိုင်ငံမှ မထွက်ခွာမီ ဂျပန်နိုင်ငံအတွင်းမှလည်း တောင်းဆိုနိုင်ပါသည်။ ထိုသို့ဆိုလျှင်၊ သင်၏ပြောင်းရွှေ့ထွက်ခွာကြောင်း အကြောင်းကြားစာပုံစံတွင် ဖြည့်ထားသော စီစဉ်ထားသည့် ထွက်ခွာမည့်ရက်စွဲပြီးနောက်တွင် တောင်းဆိုမှုပုံစံကို အနီးဆုံးပင်စင်ရုံးသို့ ကိုယ်တိုင်တင်ပြခြင်း သို့မဟုတ် ပြောင်းရွှေ့ထွက်ခွာကြောင်း အကြောင်းကြားစာပုံစံတွင် ဖြည့်ထားသော စီစဉ်ထားသည့် ထွက်ခွာမည့်ရက်စွဲပြီးနောက်တွင် ဂျပန်ပင်စင်ဝန်ဆောင်မှုသို့ ရောက်ရှိစေရန် စာတိုက်မှ ပေးပို့ရမည်။ စာပို့လိပ်စာသည် ပြည်ပမှ တောင်းဆိုမှုတင်သွင်းသည့်အခါနှင့် အတူတူပင်ဖြစ်သည်။

4) ဂျပန်ပြည်တွင်းအခြေချနေထိုင်သူ မဟုတ်ကြောင်းမည်သို့ သက်သေပြနိုင်ပါသနည်း?

အခြေခံအားဖြင့် သင့်နိုင်ငံသို့ မပြန်မီ သင့်ဒေသခံမြို့နီစီပယ်သို့ ပြည်ပပြောင်းရွှေ့ခြင်းဆိုင်ရာ အကြောင်းကြားစာ တင်သွင်းပြီးပါက မည်သည့်စာရွက်စာတမ်းမျှ တင်ပြရန် မလိုအပ်ပါ။

5) ငွေပေးချေမှုလက်ခံသူအဖြစ် ပြည်ပဘဏ်အကောင့် သို့မဟုတ် ဂျပန်ဘဏ်အကောင့်ကို သတ်မှတ်နိုင်ပါသလား ?

- ပြည်ပဘဏ်အကောင့်များသို့ ငွေလွှဲပြောင်းနိုင်သော်လည်း၊ လက်ခံသူအဖြစ် မသတ်မှတ်မီ ထိုဘဏ်အကောင့်သည် ဂျပန်ပင်စင်ဝန်ဆောင်မှုမှ ငွေလွှဲပြောင်းမှုများကို ပံ့ပိုးပေးခြင်း ရှိ၊ မရှိ စစ်ဆေးပါ။
- ဂျပန်ဘဏ်အကောင့် (ယူးချောဘဏ်နှင့် အင်တာနက်သီးသန့်ဘဏ်အချို့မှအပ) ကို အကျိုးခံစားခွင့်ရှိသူအဖြစ် အသုံးပြုနိုင်သော်လည်း၊ သင့်နိုင်ငံသို့ပြန်ရောက်ပြီးနောက် ဘဏ်အကောင့်ကို ဆက်လက်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ သေချာစွာစစ်ဆေးပါ။

*ယေဘုယျအားဖြင့်၊ သင်သည် သင့်နိုင်ငံသို့ပြန်ပြီး ဂျပန်သို့ပြန်လည်ဝင်ရောက်ရန် အစီအစဉ်မရှိပါက သင့်ဘဏ်အကောင့်ကို ပိတ်ရန် လိုအပ်မည်ဖြစ်သည်။ သင်မပိတ်သည့်တိုင်ဘဏ်အကောင့် ရပ်ဆိုင်းခံရပြီး အသုံးပြု၍မရနိုင်ခြင်းမျိုးရှိပါသည်။

ငြိုငင်ငံတွင် ဘဏ်အကောင့်ဖွင့်ခြင်းနှင့် ပတ်သက်သော အသိပညာပေးစာတမ်း
ငြိုငင်ငံတွင် ဘဏ်အကောင့်ဖွင့်ခြင်းနှင့် ပတ်သက်သော အသိပညာပေးစာတမ်း

6) တောင်းခံစာ၏ “စနစ်တစ်ခုချင်းစီအတွက် သင်္ကေတနံပါတ် ” နေရာမှာ ဘာဖြည့်ရမလဲ။?

အခြေခံပင်စင်နံပါတ်တစ်ခုတည်းသာဖြစ်ပါက ဖြည့်ရန်မလိုပါ။အလုပ်ပြောင်းစဉ် အခြေခံပင်စင်နံပါတ်များကို ပေါင်းစည်းမထားသည့် အခါ သို့မဟုတ် အိမ်ထောင်ပြုပြီးနောက် အမည်ပြောင်းလဲခြင်းကြောင့် အခြေခံပင်စင်နံပါတ်အသစ်တစ်ခု ပေးအပ်ခံရသည့်အခါကဲ့သို့ သော အခြေခံပင်စင်နံပါတ်များစွာရှိပါကသာ ၎င်းကို ဖြည့်စွက်ရန် လိုအပ်ပါသည်။

7) အရင်က ပါဝင်ခဲ့ဖူးတဲ့ ရာဇဝင် (အများပြည်သူပင်စင်စနစ်တွေမှာ ပါဝင်ခဲ့ဖူးတဲ့) ကို ဖြည့်ဖို့ လိုအပ်ပါသလား။ဘယ် ပင်စင်စနစ်တွေမှာ ကျွန်တော် စာရင်းသွင်းခဲ့လဲဆိုတာ ရှာဖွေနိုင်တဲ့ နည်းလမ်းရှိပါသလား။

ဖြည့်ရန်လိုအပ်ပါသည်။အများပြည်သူပင်စင်စနစ်တွေမှာ ပါဝင်ဖူးကြောင်းကို တတ်နိုင်သလောက်တိတိကျကျဖြည့်ပေးပါ။မိမိ သည် မည်သည့်ပင်စင်စနစ်တွင် စာရင်းသွင်းခဲ့ဖူးကြောင်းကို အောက်ဖော်ပြပါ①မှ④တွင် လေ့လာအတည်ပြုကြည့်ပါ။

① အမျိုးသားပင်စင်။။ လယ်သမား၊ကိုယ်ပိုင်စီးပွားရေး၊ကျောင်းသား၊အလုပ်အကိုင်မဲ့ စသူတို့
② ဝန်ထမ်းပင်စင်။။ ကုမ္ပဏီဝန်ထမ်းများ
③ အပြန်အလှန်အကူအညီပေးရေး။။ အစိုးရဝန်ထမ်း၊ အစိုးရကျောင်းဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျောင်းဆရာများ
④ သဘော်သားအာမခံ။။ ပင်လယ်ပြင်တွင်အလုပ်လုပ်သောဝန်ထမ်းများ (ကပ္ပတိန်၊သဘော်သား၊အရန်သဘော်သားများ)

8) ဂျပန်မှာ ခုနစ်နှစ်တာကာလအတွင်း ဝန်ထမ်းပင်စင်အာမခံမှာ စာရင်းသွင်းခဲ့ပြီး အာမခံကြေးပေးဆောင်ခဲ့ပါတယ်။ ပင်စင်ငွေယာယီထုတ်ယူခွင့်ကို တောင်းဆိုရင် ခုနစ်နှစ်စာ ထည့်ဝင်ငွေနဲ့ ညီမျှတဲ့ ပမာဏကို ရရှိမှာလား။

ထုတ်ယူငွေပမာဏကို ဂျပန်ပင်စင်စနစ်တွင် သင်စာရင်းသွင်းခဲ့သည့် လအရေအတွက်အပေါ် အခြေခံ၍ တွက်ချက်ပြီး အများဆုံး ၆၀ လ (၅ နှစ်) အထိသာ ပေးဆောင်မည်ဖြစ်သည်။ ထို့ကြောင့် သင်သည် ၇ နှစ်ကြာ ထည့်ဝင်ငွေပေးဆောင်ပြီးသည့်တိုင် ၆၀ လ (၅ နှစ်) အတွက်သာ ငွေပေးချေမှုကို ရရှိမည်ဖြစ်သည်။

9) ဝန်ထမ်းပင်စင်အာမခံကနေ ပင်စင်ယာယီထုတ်ယူငွေ ရရှိခဲ့ပါတယ်၊ ဒါပေမယ့် ဘာကြောင့် ကျွန်တော်မျှော်လင့်ထား တာထက် နည်းနေရတာလဲ?

ဝန်ထမ်းပင်စင်အာမခံမှ ပင်စင်ယာယီထုတ်ယူသည့်အခါ ၂၀.၄၂% အခွန်ကိုဖြတ်တောက်ထားသည်။ ဖြတ်တောက်ထားသော အခွန်ပြန်အမ်းငွေရရှိရန် ဂျပန်နိုင်ငံရှိ အခွန်ရုံးတွင် တောင်းဆိုမှုတစ်ခု တင်သွင်းရမည်။

ဂျပန်နိုင်ငံတွင် နေထိုင်သူမှ နုတ်ယူထားသော အခွန်များအတွက် ပြန်အမ်းငွေလုပ်ငန်းစဉ်ကိုလုပ်ဆောင်မည် ဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံသို့ မပြန်မီ ဝင်ငွေခွန်နှင့် စားသုံးမှုခွန်အတွက် အခွန်ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ရန် လိုအပ်ပါသည်။ အခွန်ကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအတွက် အမျိုးသားအခွန်ဝန်ဆောင်ရေး၏ ဝက်ဘ်ဆိုက်ကို ကြည့်ရှုပါ။

အမျိုးသားအခွန်ဝန်ဆောင်ရေး
[ဝင်ငွေခွန်နှင့် စားသုံးမှုခွန်အတွက် အခွန်ကိုယ်စားလှယ်ခန့်အပ်အကြောင်းကြားစာ (ဂျပန်ဘာသာဖြင့်သာရှိ)]

10) ဂျပန်မှာ ပြန်အလုပ်လုပ်တော့မှာဖြစ်ပြီး အစိုးရပင်စင်စနစ်မှာ ပြန်ဝင်ဖို့ စီစဉ်ထားပါတယ်။ လွန်ခဲ့တဲ့ နှစ် အနည်းငယ်က ဒီစနစ်ကနေ နုတ်ထွက်ခဲ့ပါတယ်။ပြီးခဲ့တဲ့ ခြောက်နှစ် ပေးဆောင်ကာလတွေ ဘာဖြစ်သွားမလဲ။

ပင်စင်ယာယီထုတ်ယူငွေကို ထုတ်ယူလက်ခံခဲ့ပါက ယခင်က ဂျပန်ပင်စင်စနစ်တွင် မှတ်တမ်းတင်ခဲ့သောကာလအားလုံးသည် ပယ်ဖျက်ခံထားပြီးဖြစ်သည်။ဂျပန်တွင် ပြန်အလုပ်လုပ်ပြီး အစိုးရပင်စင်စနစ်တွင် ပြန်လည်မှတ်တမ်းတင်ခြင်းဖြင့် ကာလသည် အစမှ ပြန်လည် တွက်ချက်ခံရမည်ဖြစ်သည်။

စုံစမ်းမေးမြန်းရန်နေရာ



လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ မေးခွန်းများရှိပါက သင်နေထိုင်ရာဒေသအပေါ် စီရင်ပိုင်ခွင့်ရှိသော ပင်စင်ရုံးနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ ပင်စင်ရုံးများသည် အင်္ဂလိပ်၊ တရုတ်နှင့် ဖိလစ်ပိုင်ဘာသာစကားများ အပါအဝင် ဘာသာစကား ၁၀ မျိုးဖြင့် ဘာသာပြန်ဝန်ဆောင်မှုများကို ပေးဆောင်ပါသည်။ အသေးစိတ်အချက်အလက်များအတွက် အောက်ပါလင့်ခ်မှတဆင့် ဂျပန်ဘာသာအပြင်အခြားဘာသာစကားများဖြင့် ကြည့်ရှုနိုင်ပါသည်။

https://www.nenkin.go.jp/international/interpretation/interpretation_japan.files/02.pdf

*အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ပေါ်တူဂီ၊စပိန်၊ဖိလစ်ပိုင်၊ဗီယက်နမ်၊အင်ဒိုနီးရှား၊ထိုင်း၊နီပေါလ်စသော ဘာသာစကားများ (ဘာသာစကား ပေါ်မူတည်၍ ဝန်ဆောင်ပေးနိုင်သော ရက်နှင့် အချိန် ကွာခြားပါမည်။)